


# ရွှန်းရမီမီး

## ရပ်ကွက်ထဲက မင်္ဂလာပွဲ

L လင်း

# အခန်း (၁)

ရပ်ကွက်ထဲမှာ ဆူညံ ဆူညံ ကြားလိုက်ရသည် ။

"ဟဲ့ . . . ဘာတွေ ဖြစ်နေကြလို့ လဲ"

"နောက်ပိုင်းက မိသဲကြီးကို ဖိုးလုံး ခိုးပြေးလို့ တဲ့ "

"ဟယ် . . . ဖိုးလုံးနဲ့ မိသဲကြီး"

"ဟုတ်ပ့ါ"

"သူတို့ နှစ်ယောက်က ကြိုက်နေတယ်လည်း မကြားမိပါဘူး"

"အေးလေ . . . မိသဲကြီးကို အပျိုကြီးလုပ်မယ်ထင်တာ ဖိုးလုံးနဲ့ မိသဲကြီး အသက်ကွာမယ် ဟဲ့"

"ကွာတာပေ့ါ၊ မိသဲကြီးက အရိုးရင့်နေပြီ၊ ဖိုးလုံးက ငါ့သားနဲ့ မှ အ တူတူ။ ကောင်မ . . . ကလေးကို မုန့်ပေးကြိုက်လိုက်ပြီ"

"ဟုတ်ပ့ါ . . .ဖိုးလုံးအမေတော့ ငိုလိုက်တာ တက်မတတ် ချက်မတ တ်ပဲတဲ့ "

"အေးလေ . . . ငါဆိုလည်း ငါ့သားနဲ့ သဘောမတူပါဘူး"

"ဒါပေမဲ့ မိသဲကြီးက ဘွဲ့ရပြီး အလုပ်နဲ့ အကိုင်နဲ့ လေဟာ၊ ဖိုးလုံးက ဆယ်တန်းကို တဖုန်းဖုန်းကျပြီး သူ့အမေ ကုန်စုံဆိုင်မှာ ပဲ ယောင်ခြော က်ဆယ် လုပ်နေတာ"

“ဒါပေမဲ့ ဖိုးလုံးက ပိုက်ဆံရှိတယ်လေ၊ တစ်ဦးတည်းသော သား”

“အေး . . . ဒါတော့ ဟုတ်တယ်၊ မိသဲတို့ က မောင်နှမလည်း များ တယ်။ ဖအေကလည်း အရက်သမား။ မအေက ရပ်ကွက်ထဲ ပွဲစားလေးလုပ်၊ မုန့်ဟင်းခါး အသုပ်စုံလေး ဖွင့်ပြီး မိသားစု စားဝတ်နေရေးက

ဝို ု ထိန်းနေရတာ။ ဖိုးလုံးအမေက နာစရာပဲ”

ဒါကရပ်ကွက်ထဲမှာ ဆူညံရတဲ့ အကြောင်းပါ။ အတင်းပြောစရာ သတင်းတစ်ခု ဆိုလည်း မမှားပါ။

ရပ်ကွက်ဆိုတာက သိတဲ့ အတိုင်း။ တစ်အိမ်ဘာလုပ်လဲဆိုတာ တစ်အိမ်က လှေလာ။ အကဲခတ်။ စပ်စု၊ အတင်းအုပ်။

ခွေးနှစ်ကောင် ကိုက်ရင်တောင် ဘာလို့ ကိုက်တာလဲလို့ ဇစ်မြစ်ရှာချင်တာ ရပ်ကွက်ပါ။

ခုလို ရပ်ကွက်သူနဲ့ ရပ်ကွက်သားတို့ ခိုးပြေးသည့် ကိစ္စမျိုး ဆိုရင်တော့ မင်္ဂလာ မဆောင်မချင်း။ ပြောစရာ အတင်းမကုန်၊ စကားစုံကြသည် ။

စပ်စုမ၊ အတင်းသမားတွေကြောင့်ပဲ ပြဿနာတွေ တက်ကြ ရန်တွေဖြစ်ကြဦးမယ်။

ဖိုးလုံးအမေနဲ့ မိသဲရဲ့ မိဘတွေကြား ခလောက်ဆန်ကြ။ ပြဿနာတက်ရင် အတင်းထပ် ပြောကြတာ ရပ်ကွက်သဘာဝ။

ခုလည်း ဖိုးလုံးနဲ့ မိသဲတို့ ကိစ္စက ရပ်ကွက်ထဲမှာ ဟစ်ဖြစ်နေသည် ။

“ဟဲ့ . . .သိလား”

ဆိုတဲ့ အစချီသံတွေက ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ်။ ခြေရင်းအိမ်နဲ့

ခေါင်းရင်းအိမ် ကြားမှာ လူးလာပျံ့နှံ့နေသည် ။

ဖိုးလုံးအမေ တကယ် ရင်ဘတ်စည်တီးနေပါ၏။

"ငါ့သား နုနုထွတ်ထွတ်လေးကိုဟယ်၊ ဒီပြုတ်မနူးနဲ့ ငါလုံးဝသဘော မတူဘူး"

မိသဲအဖေ အရက်သမားကလည်း ...

"ငါ့သမီးကြီးက အေ့ ... ဘွဲ့ရပြီးသား ဟောဒီဆယ်တန်းတောင်မ အောင်တဲ့ ကောင် အေ့ .. နဲ့ သဘောမတူဘူးကွ မတူဘူး"

အဲဒီစကားတွေကို လက်ခုပ်လက်ဝါးတီးချင်တဲ့ သူတွေက ဟိုဘက် ဒီဘက် အရောက်ပို့ကြသည် ။

ပြဿနာတွေ အစချီနေပြီး မီးလောင်းရာ ရေနံဆီလောင်းသည့်သူ တွေကြောင့် ပြဿနာတွေ ပိုကြီးထွားတာ ခမ္မတာပါ။

ဖိုးလုံးနဲ့ မိသဲကတော့ ဘာမှ မသိ။ ကျိုက်ထီးရိုးဘုရားဖူးရင်း လိပ်ဥ တူး ထွက်သွားကြပါပြီ။

*

# အခန်း (၂)

ပထမရက်တည်းက အ လုပ်သွားတိုင်း အဝတ်အစားသစ်တစ်စုံစီ ခိုးထုတ်ကာ ဖိုးလုံးကို ပေးထားခဲ့သည် ။ ဖိုးလုံးက မိသဲအဝတ်အစားတွေကို သူ့သူငယ်ချင်းတစ်ယောက် အိမ်မှာ သွားထားသည် ။

သူတို့ နှစ်ယောက် ဇန်နဝါရီလတစ်ရက်နေ့ကျရင် ကျိုက်ထီးရိုးကို ဘုရားဖူးထွက်သွားဖို့ စီစဉ်ထားကြသည် လေ။

သူတို့ ရဲ့ အိမ်ထောင်ဦးဘဝ အစဆိုလည်း မှန်လိမ့်မယ်။

ဖိုးလုံးက မိသဲရဲ့ မေးစေ့က မှဲ့ကလေးကို သိပ်ချစ်သလို မိသဲကလည်း ဖိုးလုံးရဲ့ နားရွက်ကားကားလေးကို အမြဲဆွဲလိမ်နေကျ။

မိသဲနဲ့ ဖိုးလုံး အသက်ကွာတယ်ဆိုပေမယ့် ဖိုးလုံးက လူကြီးတစ်ယောက်လို အမြဲခွင့်လွှတ် အလိုလိုက်တတ်ပြီး မိသဲကတော့ အမြဲချွဲနွဲ့ဆိုးနွဲ့တတ်သူပါ။

ဖိုးလုံးက မိသဲကို ခေါ်တာတောင် သဲငယ်တဲ့ ။ ကဲ . . . အချစ်မှာ အသက်ကွာခြားချက်က အရေးကြီးလို့ လား။

ဒီဇင်ဘာ သုံးဆယ့်တစ်ရက်နေ့ညမှာ မိသဲနဲ့ ဖိုးလုံးတို့ ကျိုက်ထီးရိုးသွားမယ့် ကားပေါ် ရောက်နေကြပါပြီ။

ဖိုးလုံးရင်ခွင်မှာ မိသဲက မှေးစက်လို့ ။ ကားရှေ့ဘက်မှာ ရှိတဲ့ တီဗီမှာ ဖွင့်ထားတဲ့ ဟာသကား ကချစ်စရာ ကောင်းနေတယ်။

ပတ်ဝန်းကျင် ကားလမ်းတစ်လျှောက်မှာ တော့ မှောင်နဲ့ မည်းမည်း လယ်ကွင်းတွေရယ်။ မီးတွေမှ ၀ိတ်တုတ် ရွာကလေး တွေရယ်။ လင်းလင်းလက်လက် မြို့ပြတွေကို ဖြတ်သန်းခဲ့ရ၏။

ခဏနေတော့ ဖိုးလုံး အိပ်ငိုက်ပြီ။ မိသဲက ကားစီးရင်း မအိပ်တတ်။ အထူးသဖြင့် ခိုးရာလိုက်လာတဲ့ ခရီး၊ ရင်ခွင်ဦးမှာ ခိုတဲ့ ညမှာ ဘယ်လို လုပ်ပြီး အိပ်ပျော်မှာ လဲ။

ဖိုးလုံးကတော့ ကောင်းကောင်း ကြီး ငိုက်နေသည် ။ မိသဲက ဖိုးလုံး နားရွက် ကားကားလေးကို လက်ဖြင့်စမ်းရင်း မျက်လုံးလေး မှိတ်ထား မိသည် ။

တကယ်တော့ ဖိုးလုံးနဲ့ မိသဲဆိုတာ တစ်ရပ်ကွက်တည်းသားချင်း တွေပီပီ ငယ်ငယ်တုန်းက ဖိုးလုံးကို မိသဲတို့ ချီပိုးချော့မြူခဲ့ဖူးသေးသည် ။

အရွယ်ရောက်လာတော့ ဖိုးလုံးက မိသဲကို သင်္ကြန်မှာ ပိတောက်ပန်း တွေ လာပေး၏။

အဲဒီနောက်မှာ တော့ သူတို့ နှစ်ယောက်ရဲ့ ရင်ခုန်သံတွေ မြန်ခဲ့ရသည် ။

သူမ ဖိုးလုံးကိုချစ်တာ ဖိုးလုံးအမေ ချမ်းသာလို့ မဟုတ်တာ ဘုရားစူး ကျိန်ပြောရဲပါတယ်။

ဖိုးလုံးကလည်း မိသဲကို ဘွဲ့ရအလုပ်ရှိတဲ့ အတွက် ချစ်တာမဟုတ်ပါ ။

ဆယ်တန်းမအောင်တဲ့ ဖိုးလုံးဆီက ဘာမှ မမျှော်လင့်သလို ဖိုးလုံးက လည်း သူမကို ချစ်တာတစ်ခုပဲ သိခဲ့တာပါ။

ယုတ်ဆွအဆုံး သူနဲ့ သူမဘာဝကို ဘယ်လိုဖြတ်သန်းမယ်ဆိုတာတော င် ဘာမှ မတွေးဘဲ ခိုးပြေးခဲ့ကြတာပါ။

ဖိုးလုံးကတော့ တွေးထားပါသည် ။ ခိုးပြေးပြီးရင်တော့ အမေက မင်္ဂ လာဆောင် ပေးမှာ ပဲ။ ပြီးရင် အမေ့အိမ်ပဲတက်နေလိုက်ရုံပေါ့ဟု ။

အမေ့အိမ်မှာ နေစရာလည်း ပူစရာမလို။ စားစရာလည်း ပူစရာမလို ။ အမေ့မှာ သားဆိုလို့ သူပဲရှိတာ၊ အမေက သူ့ကို သိပ်ချစ်တာ။ အမေက သူ့ကို ဘယ်တော့မှ ပစ်ထားမှာ မဟုတ်။

အမေမကြိုက်တာ တစ်ခုခုလုပ်မိတိုင်း ဆူရုံပူရုံက လွဲပြီး ကြာကြာစိ တ်မဆိုးတတ်တဲ့ အမေပါ။

ဒီတော့ ဖိုးလုံးတို့ က အလုပ်အကိုင် မရှိဘဲ ရဲရဲကြီး မိန်းမခိုးရဲတာ ပေါ့။

*

နောက်နေ့မနက်ကျတော့ ဖိုးလုံးအမေဆီက အသံထွက်လာသည် ။

ဖိုးလုံး အိမ်က ပိုက်ဆံငါးသိန်း ယူသွားသတဲ့ ။ ဆွဲကြိုး၊ လက်ပတ်ကြိုးနဲ့ လက်စွပ်တွေက လည်း သုံးကျပ်သား လောက်ရှိသည် ဆိုပဲ။

ထိုသတင်းကို မိသဲအိမ်ဘက် သယ်ယူပို့ဆောင်ရေး လုပ်ကြပြန်သည် ။

“အမယ်လေး . . . သူမှ ပါသွားတာလား၊ ဒီကလည်း မိသဲဝတ်ထား တဲ့ နားကပ်နဲ့ ဆွဲကြိုး ပါသွားတာပါပဲ။ မိသဲလည်း ပိုက်ဆံယူသွားတာပဲ

”

ထိုသတင်းကို ဖိုးလုံးအိမ် ပို့ကြပြန်သည် ။

“ဟဲ့ . . . သူ့သမီး နားကပ်နှစ်ပဲတန်နဲ့ ဆွဲကြိုးတစ်မတ်သားကို စကားထဲထည့် ပြောနေ တယ်၊ ဒီကပါသွားတာ သုံးကျပ်သားဟော့ သုံးကျပ်သား။ တစ်အိမ်လုံးစုလို့ ငါးသောင်းပြည့်အောင် မရှိဘဲနဲ့ ပိုက်ဆံပါသွားကြောင်း ပြောသေးတယ် ရယ်ချင်သေး။ ဘယ်လောက်များ ပါသွားလို့ တုန်း။ ငါးရာလား၊ ငါးထောင်လား၊ ဟင်း . . . စိန်ခင်ကို တုပြီး မခုန်နဲ့ လို့ ပြောလိုက်စမ်း . . . ဟင်း ဟင်း”

ဒီလိုနဲ့ တစ်ဖက်နဲ့ တစ်ဖက် စကားလုံးသယ်ယူပို့ဆောင်ရေး တွေကြောင့် အခြေအနေတွေက တင်းမာနေကြတယ်။

ဖိုးလုံးမိခင် ဒေါ်စိန်ခင်က ဓနရှင်မာနနဲ့ သားရှင်မာနကို တစ်လုံးတစ်ခဲ ထုတ်ပြနေသည် ။

မိသဲတို့ ဘက်က မိသဲအမေက ဘာမှ မပြောဘဲ မိသဲအဖေကချည်းပဲ ဒိုင်ခံလွှတ် နေတာဖြစ် သည် ။

ကြားထဲက အတင်းသမားတွေက လက်ခုပ်လက်ဝါးတီးပြီး မြှောက်ပေး ကြသည် ။

“အေးလေ . . . မစိန်ခင်ရယ်၊ ကျွန်မတော့ ဖိုးလုံးလေးကို နှမြောတာပဲ။ ကျွန်မသားနဲ့ ဆိုလည်း ကျွန်မက သဘောမတူပါဘူး။ သူ့သမီး ဘယ်လောက်ပဲ ဘွဲ့ရရ ဒီခေတ်မှာ ဘွဲ့ရတွေ တစ်ပုံကြီး။ နုနုထွတ်ထွတ် ဘွဲ့ရလေးတွေပုံလို့ ။ မစိန်ခင် စည်းစိမ်နဲ့ ဆို ဆရာဝန်မကိုတောင် တင်တောင်းပေးလို့ ရတယ်။ ဒီမိသဲက အရိုးရင့်နေပြီ”

“အဲဒါပြောတာပေါ့ ငါရင်နာတဲ့ အကြောင်းက အဲဒါ . . .အဲဒါ”

တစ်ဖက်က မိသဲအိမ်ကိုကျတော့ တစ်မျိုး။

"သူ့အမေ ဘယ်လောက်ပဲ ရှိရှိပါလေ၊ မိသဲက ဘွဲ့ရပညာတတ်။ အလုပ်နဲ့ အကိုင်နဲ့ ။ သူ့သားကဖြင့် ဆယ်တန်းတဖုန်းဖုန်းကျပြီး အလုပ်မရှိ အကိုင်မရှိ။ မိသဲနဲ့ တန်တောင် မတန်ဘူး"

"ငါကလည်း အဲဒါကြောင့်အေ့ သဘောမတူတာ။ စာမတတ်ပေမတတ် သမက်မတော်ချင် ဘူး။ ကိုယ်နဲ့ လယ်ပယ်စကား ဝိုင်းထိုင်နိုင်စွမ်းမှ မရှိတာ။ ငါကအရက်သာ သောက်တာ ငါကိုယ်တိုင် ဆယ်တန်းကိုအောင်ပြီးသား၊ ကျောင်းဆက်မတတ်ဖြစ်လို့ တောင် ဘွဲ့မရတာ။ ဟွန်း . . . သားနဲ့ မအေပေါင်းလို့ တောင် ဆယ့်တစ်တန်း မပြည့်တဲ့ မျိုးနဲ့ လိုက်သွားတာ ရင်နာတယ်ဟေ့"

မိသဲအမေကတော့ အခြေအနေကို ထိန်းဖို့ ကြိုးစားပါသည် ။

"တော်ပါတော့ ကိုမောင်ဦးရယ်၊ ရှင်တင်းမနေနဲ့ ၊ ရှင်သမီးက ပါသွားပြီ။ ကိုယ်က သမီးရှင်၊ နစ်နာစရာရှိရင် ကိုယ်ကပဲ နစ်နာမှာ ။ မတော် ကောင်းလေးနဲ့ ရှင့်သမီး ကွဲသွားရင် ကျုပ်တို့ အရှက်ကွဲမှာ နော်"

"ဟေ့ . . .ဒီလိုကောင်နဲ့ သဘောမတူပါဘူးဆို၊ အေ့ . . . ကွဲကွဲကွာ"

"ရှင် မူးမူးရူးရူးနဲ့ စွတ်ပြောမနေနဲ့ ကွဲလို့ ရမလား။ ကွဲရင် ရှင့်သမီး အပျိုပြန် ဖြစ်မှာ လား။ မပြောလိုက်ချင်ဘူး"

ဒီတော့ အမူးပါးက ငြိမ်ကျသွားသည် ။ အရက်သမားတွေ မသိဘူးဆိုတာ အလကားပါ။

*

နောက်ပိုင်းက အဖြစ်အပျက်တွေကိုမသိ။ မိသဲနဲ့ ဖိုးလုံးတို့ ကတော့ ပျော်နေကြသည် ။ ဖိုးလုံးပါသော ပိုက်ဆံတွေနဲ့ ကျိုက်ထိုဟိုတယ်မှာ တည်းကာ စမတ်ကျနေကြသည် ။

ဘုရားဖူးလိုက်။ ဓာတ်ပုံတွေရိုက်လိုက်။ ဈေးတန်းလေးမှာ အေးဆေးလမ်းလျှောက်လိုက်။ စားချင်တာလေးစားလိုက်နဲ့ တကယ့်ကို ဟန်းနီးမွန်း ဖြစ်နေသည် ။

ဇန်နဝါရီဆောင်းက ကျိုက်ထီးရိုးတောင်ပေါ်က ညတွေကို ခိုက်ခိုက်တုန်စေပါသည် ။ ဒါပေမဲ့ ချစ်သူရင်ခွင်ရဲ့ အနွေးဓာတ်က ဇန်နဝါရီဆောင်းညကို အန်တုနိုင်သည် ။

"မောင် နောက်ပိုင်းမှာ တော့ ဘယ်လိုဖြစ်နေပြီလဲ မသိဘူးနော်"

"မသိဘူးလေ"

"အမေကတော့ စိတ်ဆိုးနေမှာ ပဲ"

"ခဏပါကွာ၊ မိဘနဲ့ သားသမီး ကြာကြာစိတ်မဆိုးပါဘူး"

"မောင့်အမေက သဘောမတူရင်ရော"

"ကိုယ်မျက်နှာ မြင်တာနဲ့ အမေက စိတ်ဆိုးပြေသွားမှာ ပါ သဲငယ်ရယ်၊ ပူမနေပါနဲ့ "

"အဖေ့ကိုလည်း ကြောက်တယ်"

"ယောက်ခမကြီးကို blue တစ်လုံး ဝယ်ပေးလိုက်ရင် အိုကေသွားမှာ ပါ"

"ကြည့် . . . သူများ အဖေကို"

"တကယ်ပြောတာ မယုံဘူးလား။ ဝယ်ပေးလိုက်ရမလား။

တကယ်ကြည်စေ အေးစေဖြစ်သွားမှာ ”

“မောင်နော်”

“မောင့်အမေကိုလည်း တွေ့တာနဲ့ အမေအမေနဲ့ အရခေါ်ကြားလား။ အမေက သမီးမှ မရှိတာ သဲငယ်ကိုချစ်မှာ ပါ”

“ဟုတ်ပ့ါမလား မောင်ရယ်၊ မောင့်အမေက မာနခပ်ကြီးကြီးရယ်”

“အဲလိုလူမျိုးက ပိုပြီး ဝင်ရလွယ်တာဗျ။ သူတို့ ကို အောက်ကလျှိုပြီး သာ ဝင်လိုက်။ အားလုံးအဆင်ပြေသွားလိမ့်မယ်”

“အေးလေ . . . ဘာပဲဖြစ်ဖြစ် အေးအတူပူအမျှလို့ လက်တွဲခဲ့ကြပြီးပြီ ပဲ။ ဘာပြဿနာပဲ ရှိလာလာ သဲငယ်တို့ နှစ်ယောက် ကျောချင်းကပ်ထား ကြေးနော် မောင်”

“စိတ်ချပါ မောင့်သဲငယ်လေးရယ်”

“သဲငယ်လေ မောင့်ကို ချစ်လွန်းလို့ သာ မောင့်နောက်လိုက်ခဲ့တာ။ ကြောက်တော့ ကြောက်နေ တယ်”

“မောင့်ကို ဘာလို့ ချစ်တာလဲ”

“သိဘူး”

“တကယ်မသိတာလား”

“ဟုတ်တယ်၊ ချစ်တာပဲ သိတယ်၊ တစ်ခုတော့ ရှိတာပေ့ါလေ။ မောင်က သဲငယ်ကို အရမ်းချစ်တာကို သဘောကျတာလည်း ပါမယ်ထင်တာပဲ ”

“ဒါဆို မောင့်အချစ်စွမ်းအားကြီးလို့ တန်ပြန်သက်ရောက်လာတာပေ့ါ”

“ဟုတ်မှာ ပေါ့၊ မောင်ကရော ဘာလို့ သဲငယ်ကို ချစ်တာလဲ”

“မောင်က ကလေးတည်းက သဲငယ်ကို သဘောကျတာ ထင်တယ်၊ သဲငယ်ဆယ်တန်း လောက်က ဂါဝန်အနီကွက်လေးဝတ်ပြီး ကျူရှင်သွားတာမြင်တိုင်း မောင်အသည်း ယားတယ်၊ အဲဒီတော့ မောင်က ငါးတန်းလောက်ပဲ ရှိဦးမှာ ”

“အဲဒီအရွယ်ကတည်းက တော့မဖြစ်နိုင်ပါဘူး”

“ဩော် . . . အဲဒီအရွယ်ကတော့ ဟုတ်ပ့ါမလား။ လူပျိုပေါက်ဖြစ်မှ သဲငယ်ရဲ့ မှဲ့လေးကို စပြီးရင် ခုန်လာတာပေါ့”

“ရေစက်ရှိလို့ နေမှာ ပေါ့နော်”

“အင်းပေါ့၊ မောင်တို့ အရင်ကတည်းက ဇနီးမောင်နှံ ဖြစ်ခဲ့လို့ နေမှာပေါ့၊ ဟား ဟား”

*

ဖိုးလုံးနဲ့ မိသဲ ပျော်နေသလောက် နောက်ပိုင်းမှာ တော့ ပြဿနာတွေ တစ်နေ့တစ်မျိုး မရိုးရ။

“ဖိုးလုံးတို့ ပြန်လာရင် ဖိုးလုံးတစ်ယောက်ပဲ လက်ခံမယ်။ အရိုးရင့်မတွေ လက်မခံဘူး”

ဒေါ်စိန်ခင်က စတင်စစ်ကြေညာသည် ။ မိသဲတို့ ဘက်ကကြားတော့ ဆွေ့ဆွေ့ခုန်သည် ။

“လက်မခံရင် သင်းရဲ့ သားကို တရားစွဲမယ်”

“စွဲလေ . . . စွဲပေါ့၊ ကြိုက်တဲ့ ပုဒ်မနဲ့ သာစွဲဟေ့။ ရှင်းဖို့ အဆင်သင့်ပဲ။

ရေလောင်းပြီး ရှင်းပစ်မယ်။ သူတို့ သမီး အိုကြီးအိုမက ငါ့သား နုနုထွတ်ထွတ်ကလေးကို ဖြားယောင်း သွားတာ။ ငါ့သားလေးက ခိုးတာ မဟုတ်ဘူး ။ ဟိုကောင်မက ခိုးသွားတာပဲ ဖြစ်မယ်”

“အမယ်လေး . . . စော်ကားလိုက်တာ။ သားရှင်ဆိုပြီး မောက်မာရိုင်းစိုင်းတာ။ တိုင်မယ် . . . တိုင်ကိုတိုင်ပစ်ဦးမယ်”

“တိုင် . . .တိုင်၊ ရေများ ရင် တရားနိုင်တယ်ဟေ့၊ ရေလောင်းပြီးရှင်းမယ်”

ဒေါ်စိန်ခင်သည် တစ်ဦးတည်းသောသား၏ မိခင်ပီပီ စင်ပေါ်တက်ရုံသာမက လက်မ, ပါထောင်ထား လိုက်သေးရဲ့ ။

သားရှင်လည်း ဖြစ်။ ငွေကြေးဓနပိုင်ဆိုင်မှုကလည်း မိသဲတို့ ထက်သာနေတော့ အပေါ်စီးကနေ ပြောချင်တိုင်း ပြောနေသည် ။

ဒီတစ်ခါတော့ မိသဲအမေလည်း သည်းမခံနိုင်တော့။

“ကျွန်မသမီးလေးကို ဒီလောက် ချိုးနှိမ်စရာမလိုဘူး။ သမီးက မိဘကို လုပ်ကျွေးနေတဲ့ ကလေး။ ဘွဲ့ရပညာတတ် ကလေး။ မစိန်ခင် ဒီလောက်ပြောစရာ မလိုဘူး”

ဒေါ်စိန်ခင်ကလည်း ရွှေတွေကို ဖျပ်ဖျပ်ခါအောင်ဝတ်ပြီး . . .

“သဘောမတူဘူးနော်။ မင်္ဂလာပွဲကို အကျဉ်းရုံးပဲ လုပ်ပေးမှာ ၊ ဟွန်း . . . ကိုယ်သဘောတူတဲ့ လူနဲ့ ယူလို့ ကတော့ ဆီဒိုးနားမှာ ကို မင်္ဂလာဆောင် ပေးပစ်မယ်”

“အမယ်လေး . . . သံကောင်းဟစ်နေတယ်တော်ရေ။ ဆီဒိုးနားမပြောနဲ့ ။ ဆီဒိုးနားနောက် ဘက်က မုန့်တီဆိုင်လေးတောင် ရောက်ဖူးရဲ့ လား မသိဘူး”

ဒေါ်စိန်ခင် အပေါင်းအသင်းတွေကလည်း . . . "ဟုတ်တယ် . . .မစိန်ခင်။ သင်းက ရပ်ကွက်ဘုန်းကြီး ကျောင်းလောက်နဲ့ ပဲ တန်တဲ့ သူပါ။ ဆီဒိုးနားနဲ့ တော့ မတန်သေးပါဘူး"

တစ်ခါ မိသဲအမေကိုလည်း . . .

"အမယ်လေး . . . ဝင်းဝင်းရယ် ဆီဒိုးနားတဲ့ ။ ဒီအဘွားကြီး မလွယ်ဘူးနော်၊ ပါးစပ်က ဆီဒိုးနားအော်နေပြီး ဆီဒိုးနားတောင် ဝင်ပေါက်ဘယ်နားရှိမှန်း မသိတဲ့ သူကများ "

"အေးလေ . . . ငါကအဲဒီစကားကို မကျေနပ်တာပါ။ လူလူချင်းကို ချမ်းသာတယ် ဆိုပြီး နှိမ်တာမျိုးတော့ လက်မခံနိုင်ဘူး။ သင်းက ငါ့သမီး လက်မခံရင် ငါကသင်းရဲ့ သားကို အိမ်ပေါ်ခေါ်တင်ပြီးတော့ကို နှိပ်စက်ပြမယ်"

ပါးစပ်ကပြောတာ။ ထင်ထားစရာ နေစရာမရှိ။ နေတာက ဆယ့်နှစ်ပေခွဲ အခန်းလေးထဲမှာ လေ။ ရပ်ကွက်ရိုက်တုန်းကတော့ ပေငါးဆယ်ပတ်လည် ခြံကွက်တွေ။ ဒါပေမဲ့ တဖြည်းဖြည်း ဖွဲ့ရောင်းရင်း ဆယ့်နှစ်ပေခွဲပဲ ကျန်တာ။

ဆယ့်နှစ်ပေခွဲ ပေငါးဆယ် ခြံဝိုင်းကလေးမှာ ပျဉ်ထောင်သွပ်မိုး အိမ်လေး အပြည့်ဆောက် ထားရသည် ။ မိသားစုငါးယောက်အတွက်တောင် တစ်ယောက်နဲ့ တစ်ယောက် ရှောင်မလွတ်တာ။ သမက်ကို ခေါ်တင်နိုင်ဖို့ ဝေးစွ။

*

မိသဲတို့ ပြန်လာတော့ အိမ်တန်းမပြန်ရဲသေး၍ ပဲခူးဘုရားတွေ ဝင်

ဖူးရင်း ပဲခူးမှာ ခဏခိုနေရသေးသည် ။

ဖိုးလုံးသူငယ်ချင်းဆီ ဖုန်းဆက်ပြီး အခြေအနေကို စနည်းနာတော့ အခြေအနေ မလှတာ သိရသည် ။

“သဲငယ် . . . ဘယ်လိုအခြေအနေဖြစ်ဖြစ် မောင်တို့ တွဲလက်ကို မဖြုတ်ကြေးနော်”

“မောင်သာ အဓိကပါ၊ မောင်က ငယ်လည်း ငယ်၊ မောင့်အမေကလည်း ချမ်းသာဆိုတော့”

“ရှူး . . . တော်တော့၊ အချစ်မှာ အဲဒါတွေ မရှိဘူး။ မောင်နဲ့ သဲငယ် ကျောချင်းကပ် ထားဖို့ ပဲလိုတယ်၊ နှစ်ဖက်မိဘတွေ ဘာဖြစ်ဖြစ် မောင်တို့ အချစ်မလျော့ကြေး”

“မောင့်ဆီက အဲလိုကြားရတာ ဝမ်းသာပါတယ်ကွယ်၊ သဲငယ်ဘက်ကိုတော့ စိတ်ချပါ။ ဘာပဲဖြစ်ဖြစ် မောင့်ဘက်ကပဲ ရပ်တည်မှာ ပါ”

“အဲဒါကြောင့် ချစ်ရတာ၊ လာခဲ့ အာဘွားပေးမလို့ ”

“တစ်ခါတည်းနဲ့ တော့ မရဘူးနော် . . . ဟိ ဟိ”

အိမ်ထောင်ဦး အိမ်ထောင်အဖူးအညွှန့်လေး ဆိုတော့လည်း သည်းသည်းလှုပ် ချစ်နေကြတာ ပေါ့လေ။

ချမ်းချမ်းရဲ့ သီချင်းလိုပဲပေါ့။ တကယ်ဆို အချစ်ပဲလိုတယ်လေ။

ချစ်တဲ့ စိတ်နဲ့ ဖြေရှင်းရင် အားလုံးအဆင်ပြေနိုင်တာ အမှန်ပါပဲ။

တကယ်ချစ်ဖို့ ပဲ လိုပါတယ်။

ခုဖိုးလုံးနဲ့ မိသဲတို့ လည်း ဘယ်အချိန်ထိ ချစ်နိုင်ဦးမလဲ။ စောင့်ကြည့်ရဦးမှာ ပေါ့။

တစ်ခါတစ်ရံကျရင် အချစ်က ကျရှုံးတတ်သေးတယ်လေ။

ညှပ်ပူးညှပ်ပိတ် ပြဿနာတွေကြောင့် လွင့်စဉ်ပျောက်ဆုံးသွားတဲ့ အချစ်တွေလည်း တစ်ပုံကြီးပဲလေ။

အရာရာမှာ အဆိုးနဲ့ အကောင်း ရှိတယ်ဆိုပေမယ့် အချစ်မှာ တော့ အကောင်းနဲ့ အဆိုး ချိန်ဆရင် အဆိုးက တစ်ခုတည်းပါ။ ကျန်တာ အကောင်းတွေချည်းပါပဲ။

ဟုတ်တယ် . . . အချစ်မှာ ဆိုးတာတစ်ခုပဲရှိတယ်၊ အဲဒီအဆိုးကလည်း အကောင်းများ စွာ တို့ ထက် အင်အားကြီးတယ်။

အချစ်တစ်ခုဟာ သူ့ရဲ့ အဆိုးအောက် ရောက်သွားပြီဆိုရင် အင်မတန် ပူလောင်သွား တတ်ပါတယ်။

အဲဒီအဆိုးက ဘာလဲဆိုတော့ သဝန်တိုခြင်းပါပဲ။ ချစ် လာပြီဆိုရင် သေချာတယ် သဝန်တိုခြင်း ကကပ်ပါလာမှာ ပဲ။ သဝန်တိုခြင်းကင်းတဲ့ အချစ်မရှိဘူးလို့ ထင်တာပဲ။ သဝန်မတို တတ်ဘူးဆိုတာ တကယ်မချစ်သေးတာပဲ ဖြစ်ရမယ်။

ချစ်ရင် သဝန်တိုတယ်။ သဝန်တိုရင် သံသယက နောက်ဆက်တွဲပါလာပြီး သံသယဖြစ် လာပြီ ဆိုရင်တော့ ပူလောင်လာတော့ တာပါပဲ။ အချစ်ကို ပူလောင်စေတာက သဝန်တိုခြင်းပါပဲ။

ချစ်ခြင်းစစ်ရင်တော့ သဝန်တိုခြင်းဆိုတာ အနည်းနဲ့ အများ တော့ ရှိမှာ ပဲ။ အနည်းနဲ့ အများ တော့ ပူလောင်ရမှာ ပါပဲ။

အဲဒီသဝန်တိုခြင်းကို ထိန်းနိုင်ရင်တော့ အပူသက်သာပြီး သာယာတဲ့ ချစ်ခြင်းတစ်ခုကို ပိုင်ဆိုင်ရမှာ ပါ။ ပြီးတော့ အဲဒီအချစ်တွေနဲ့ ပဲ အရာရာကို ဖြတ်ကျော်နိုင်မှာ ပါ။ ဆူးခင်းလမ်း ဖြစ်စေဦးတော့ အချစ်စစ်နဲ့

ဆိုရင် လျှော့နိုင်မယ် ထင်ပါတယ်။

*

ဖိုးလုံးနဲ့ မိသဲတို့ ဟာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုကတိက ဝတ်တွေ မပေးထားပါ။ ဘာကိုမှ သစ္စာမဆိုထားပါ။ သူတို့ နှစ်ယောက် ရင်ထဲမှာ အချစ်တစ်ခုပဲ ရိုးသားသန့်စင် အချုပ်အနှောင်ကင်းစွာ ရှိနေပါ သည် ။

အချစ်ကြောင့် အလိုလို နားလည်ခွင့်လွှတ်ပေးနိုင်သည် ။

အသက်ကြီးတဲ့ မိသဲနဲ့ ဆယ်တန်းမအောင်တဲ့ ဖိုးလုံးတို့ ရဲ့ အချစ်မှာ ဘာမျှော်လင့်ချက်မှ မရှိပါ။

သူတို့ ခိုးမပြေးခင်တည်းက သူတို့ မိဘတွေ သဘောတူမှာ မဟုတ် တာကို နားလည်ပြီးသားပါ။ မခွဲနိုင်လို့ ယူလိုက်ကြတာပဲ ဖြစ်သည် ။

နောက်ပိုင်းမှာ အခြေအနေမကောင်းတာကြောင့် ပဲခူးတရားရုံးမှာ ပဲ လက်မှတ်ထိုးလိုက်ကြ သည် ။

ရန်ကုန်က ဖိုးလုံး သူငယ်ချင်းတွေ ဆင်းလာကာ သက်သေလုပ်ပေးကြသည် ။

ပြီးတော့ သူငယ်ချင်းတွေကို နေ့လယ်စာဖြင့် ဧည့်ခံသည် ။

“ဖိုးလုံး နောက်ပိုင်းမှာ တော့ မင်းအဘွားကြီး ပွဲတော်တော်ကြမ်း နေတယ်နော်။ မသဲ အဖေရောပဲ”

“မိုင်နောပါကွာ။ ဘွားတော်က ငါ့မျက်နှာမြင်တာနဲ့ ပျော့သွားမှာ ။ ငါ့ အမေကြောင်း ငါသိပြီးသား”

"မိသဲကတော့ ကြောက်တယ်။ အဖေက မူးလာရင်မလွယ်ဘူး"

"မူးလာရင်ဆိုတော့ မမူးတဲ့ အချိန်ရောရှိလို့ လား"

"ကြည့် . . . ကိုယ်ယောက္ခထီးကို မရိုမသေနဲ့ "

"နောက်တာပါ . . . ဟီး ဟီး"

"မင်းတို့ ကြည့်ရတာ တော်တော်ပျော်နေသလိုပဲ၊ အားတောင်ကျ လာပြီ"

"ပျော်တာပေါ့ကွ၊ ချစ်သူကို ခိုးပြေးပါတယ်ဆိုမှ "

"အေးကွ။ တောင်းရမ်းလက်ထပ်ရင် ဒီလိုအရသာမျိုး ခံစားရမှာ မ ဟုတ်ဘူး နော်"

"ဟော့ . . . အဲလိုတော့ မတွေးကြပါနဲ့ ဟယ်၊ မိသဲတို့ က မိဘတွေ သ ဘောမတူနိုင်မှန်း သိလို့ ခိုးပြေးလိုက်ရတာ။ တကယ်တော့ ကိုယ့်ကော င်မလေးကို တကယ်ချစ်တယ် ဆိုရင် တင့်တင့်တယ်တယ် တောင်းရမ်း လက်ထပ်တာ အကောင်းဆုံးပဲ။ မိန်းကလေးဘက်က အနေအထားကို ပြောတာပါ"

"ဒါလည်း ဟုတ်တယ်နော်"

"ဘယ်အမျိုးကောင်းသမီးမှ ခိုးရာမလိုက်ချင်ဘူး။ မတတ်သာလို့ သာ လိုက်ရတာ။ စကားလုံး သုံးတာတောင် မိန်းမခိုးပြေးတယ် ဆိုတဲ့ စ ကား နည်းနည်းကြားကောင်းသေးတယ်။ လင်နောက်လိုက်သွားတယ် ဆိုတဲ့ စကားကြီးက တော်တော်ရုပ်ဆိုးတာဟဲ့"

"အဲဒါတော့ ဟုတ်တယ်ကွ"

"ငါတောင် မောင့်ကို ချစ်လွန်းလို့ လိုက်ခဲ့တာ။ ရပ်ကွက်ထဲမှာ ဘယ်

လောက်တောင် အတင်းခေါင်းစဉ် ဖြစ်နေပြီလဲ မသိဘူး”

“သဲငယ်ကို ကျေးဇူးတင်ပါတယ်။ မောင့်နောက် စွန့်စွန့်စားစား လိုက်ခဲ့လို့ ”

“မလိုက်ရင် နီးရမှာ မှ မဟုတ်တာ”

“အမယ်လေး . . . ငါတို့ ရှေ့မှာ ကိုရီးယားကား လာရိုက်နေပြန်ပြီ။ ကတ် . . . ကတ် . . .ဟိုး စတော့ပ်”

ဖိုးလုံးက မိသဲရဲ့ ပခုံးကို ဖွဖွလေး ဖက်ထားတယ်။

မိသဲကလည်း ဖိုးလုံးရဲ့ ပခုံးစွန်းကို နွဲ့နွဲ့ကလေး မှီလို့ ။

အချစ်ဆိုသည် မှာ သူ့ချည်းသက်သက်ဆိုရင် အင်မတန်နူးညံ့သိမ်မွေ့ပါသည် ။ ပြီးတော့ ခွန်အားလည်း အင်မတန်ကြီးပါ၏။

အမုန်းခွန်အားက အပူခွန်အားဖြစ်ပြီး အချစ်ခွန်အားက အေးမြသော ခွန်အားပါ။

*

လမ်းထိပ်က အရက်ဆိုင်မှာ မိသဲအဖေနဲ့ မစိန်ခင် မောင်ဝမ်းကွဲတို့ ရန်ဖြစ်ကြသည် ။ မစိန်ခင် မောင်ကလည်း အရက်လာသောက်တာပါ။ အရင်ကတော့ သောက်ဖော်သောက်ဖက်တောင်ဖြစ်ခဲ့ သေးတာ။

ခုမှ မိသဲတို့ ကိစ္စကြောင့် ခပ်တန်းတန်း ဖြစ်ရာကနေ ဒီနေ့တော့ ရေနံဆီပေါ် မီးပွားစင်သလို ဖြစ်သွားသည် ။

မိသဲအဖေက ဆိုင်မဖွင့်ကတည်းက ဆိုင်တံခါး ခေါက်ကာ

ဖွင့်ခိုင်းပြီး သောက်နေသူ ဖြစ်သည် ။

အကြောင်းပြချက်ကတော့ စိတ်ညစ်လို့ ဖြစ်သည် ။ သမီး လင်နောက်လိုက်သွားလို့ တဲ့ ။ ဒီရက်ပိုင်း အရက်နဲ့ မျက်နှာသစ်၊ အရက်နဲ့ ပလုတ်ကျင်းနေသူ ဖြစ်သည် ။

ဖိုးလုံးရဲ့ ဦးရီးတော်ကတော့ ဘော်ဒါတစ်ယောက် ရောက်လာလို့ အရက်ဆိုင်မှာ လာဧည့်ခံတာပါ။ ပုံမှန် ဆိုရင်တော့ သူက နေ့ခင်းဘက် မသောက်တတ်ပါ။ ညနေပိုင်းမှ သောက်တတ်တာ။

ဆိုင်ထဲမှာ မိုးလင်းကတည်းက သောက်နေတဲ့ မိသဲ အဖေက ရေချိန်ကိုက်ကာ ကောင်းနေပြီ။ နောက်မှ ရောက်လာတဲ့ ဖိုးလုံးဦးလေးကို ရစ်ဖို့ လုံလောက်နေပြီ။

ဖိုးလုံးဦးလေးနဲ့ သူ့မိတ်ဆွေ စကားပြောတာကို နားစွင့်နေသော်လည်း သဲသဲကွဲကွဲတော့ မကြားတော့။

လျှာလေး အာလေးရုံတင်မက နားပါလေးချင်လောက်အောင် ရေချိန်ကိုက်ရုံမက လွန်နေပြီလေ။

ဟိုကတော့ သူ့ကို မသိချင်ယောင်ဆောင်ကာ သူတို့ ဘာသာ စကားပြောနေကြတာပါ။

"ခင်ဗျားမိန်းမ ဘယ်တော့မွေးမှာ လဲ"

"နောက်လထဲဗျ"

"ဟုတ်လား၊ ဘာလေးလဲ သိပြီလား"

"ယောကျာ်းလေးဗျ"

"ကောင်းတာပေါ့၊ ယောကျာ်းလေးဆိုတော့ မြတ်တာပေါ့၊ ခင်ဗျားက

သားရှင်ဆိုတော့ လက်မထောင်လို့ ရပြီပေါ့”

“ဒါပေါ့ဗျာ၊ သားရှင်ဗျ . . . သားရှင် . . . ဟားဟား ။ ဒီခေတ်အနေအထား ခင်ဗျားလည်း သိနေတာပဲ။ သမီးတော့ မလိုချင်ဘူးဗျာ။ သားက ထောင်အပြင် တန်းမရှိဘူးလေဗျာ။ ဘာပဲဖြစ်ဖြစ် သားရှင်ဆိုတာ အလုံးလည်း မလျော့ဘူး။ အရပ်လည်း မလျော့ဘူးဗျာ”

ထိုစကားက မိသဲအဖေရဲ့ နားထဲကို တန်းခနဲ ဝင်သွားသည် ။

ပထမစကားတွေ သူ ရှင်းရှင်းလင်းလင်း မကြားလိုက်ပါ။ နောက်ဆုံးတစ်ခွန်းကို ကြားပြီး ...

“ဘာကွ . . . ဘာသားရှင်လဲ၊ ဘာအလုံးမလျော့တာလဲ။ အလုံးရော အရပ်ပါလျော့အောင်ကို လျှော့ပစ်မယ်ကွ . . . ဟင်း . . . ဟင်း . . . လူပါးဝတဲ့ ကောင်”

ဘာမပြော ညာမပြောနဲ့ အတင်းကို ဖိုးလုံးဦးလေးကို ဝင်ဆွဲထိုးတော့သည် ။

“ဟာ . . . ခင်ဗျား ဘာလုပ်တာလဲ”

“မင်းတို့ မာန်တက်နေတာကို ချပေးမလို့ ကွ”

“ခင်ဗျားနော် . . . ခင်ဗျားမူးနေပြီ၊ ကျုပ်လုပ်ရင် တစ်ချက်စာ မရှိဘူး ၊ သွားဗျာ”

“မင်းကိုထိုးပြီးမှ သွားမှာ ကွ”

ဖိုးလုံးဦးလေးကလည်း မူးနေပြီဆိုတော့ သိပ်ပြီး သည်းမခံနိုင်တော့ ။ အတင်းလိုက်ထိုး နေတဲ့ မိသဲအဖေကို ပြန်ထိုးတော့သည် ။ မိသဲအဖေက မူးနေတော့ ခံရတော့သည် ။

ရပ်ကွက်ထဲမှာ လည်း တော်တော်လေး ဆူညံသွားပါသည် ။

*